


VOLUME I, ISSUE 8 8 January 2022

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN နှင့် တွေ့ဆုံဆွေးနွေး | ၁ |
| ၂ | မြန်မာ– ကမ္ဘောဒီးယား နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေး | ၃ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ | ၅ |
| ၄ | ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံအတွက် ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကာကွယ်ရေးပစ္စည်းများအား ပေးအပ်လှူဒါန်း | ၈ |
| ၅ | ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN ၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ခရီးစဉ် ပူးတွဲသတင်းထုတ်ပြန်ချက် | ၉ |
| ၆ | ပြည်ပနိုင်ငံများမှ Relief Flight များဖြင့် ဝင်ရောက်လာသူများအနက် (၁၂) ဦးတွင် အိုမီခရွန်ရောဂါပိုး ထပ်မံတွေ့ရှိမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန် | ၁၂ |
| ၇ | မြန်မာနိုင်ငံမှ နှစ်စဉ် ဆန်ဖြူတန်ချိန် ၁၀၀,၀၀၀ နှင့် ပေါင်းဆန်တန်ချိန် ၅၀,၀၀၀ တို့ကို သီရိလင်္ကာနိုင်ငံသို့ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်အတွင်းတင်ပို့မည် | ၁၃ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈ | ကျောင်းသား၊ ကျောင်းသူများအေးချမ်းစွာ ပညာသင်ကြားနေမှုအား မလိုလားသူ ဆူပူအကြမ်းဖက်သူများက စာသင်ကျောင်းများ၌ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများလုပ်ဆောင် | ၁၄ |
| ၉ | ကယားပြည်နယ်၊ ဟွေပုံလောင်း-ကောက်ကောက်ဒေသရှိ အကြမ်းဖက်အဖွဲ့များ သာလွန်အင်အားဖြင့် အလစ်အငိုက်ရယူတိုက်ခိုက်ခဲ့သည့် ကျားပါးစပ်ကြီးစခန်းအား တပ်မတော်က အချိန်ပိုင်းအတွင်း ပြန်လည်တိုက်ခိုက်သိမ်းပိုက် | ၁၆ |
| ၁၀ | အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ထောက်ပံ့နေသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေများအတွင်း၌ သင်တန်းတက်ရောက်ခဲ့သူများနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သူများအား ပြစ်ဒဏ်အသီးသီးချမှတ် | ၁၈ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN နှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ်ရောက်ရှိနေသည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN အား ဇန်နဝါရီလ ၇ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ညွှန့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်ပြီး အတူတကွ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြပါသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်တို့သည် သံတမန်ဆောင်ညွှန့်ခန်းမ၌တွေ့ဆုံ၍-

- နှစ်နိုင်ငံသံတမန်ဆက်ဆံရေး၊ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်နှင့် ကမ္ဘောဒီးယားနိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်နိုင်မည့် အခြေအနေများ။
- အာဆီယံဘုံသဘောတူညီချက် (၅) ရပ်နှင့်အညီ မြန်မာနိုင်ငံမှ ဆောင်ရွက်နေမှုအခြေအနေ၊ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ တာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြပြီး ကမ္ဘောဒီးယားဝန်ကြီးချုပ်နှင့်အတူ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H. E. Mr. PRAK Sokhonn၊ ဝါရင့်ဝန်ကြီး၊ စက်မှု၊ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဝန်ကြီး H.E. Mr. CHAM Prasidh၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီးနှင့်





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်အား တွေ့ဆုံဆွေးနွေးနေသည့် မှတ်တမ်းဓာတ်ပုံများ**

ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ အထွေထွေ အတွင်းရေးမှူး H.E. Mr. SOK Chenda Sophea ဒုတိယ ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) Lt. Gen. Hun Maneth တို့ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၈-၁-၂၀၂၂)**




ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က
ညှို့သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်နှင့်
အမှတ်တရဓာတ်ပုံရိုက်ကူးနေမှု

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်တို့သည် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်နှင့် ကမ္ဘောဒီးယားနိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်နိုင်မည့်အခြေအနေများ၊ အာဆီယံဘုံသဘောတူညီချက် (၅) ရပ်နှင့်အညီ မြန်မာနိုင်ငံမှ ဆောင်ရွက်နေမှုအခြေအနေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

## မြန်မာ- ကမ္ဘောဒီးယား နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေး



မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီလ ၇ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်

ကမ္ဘောဒီးယားဝန်ကြီးချုပ်တို့သည် ပဏာမနှုတ်ခွန်းဆက်စကားများပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များအား အပြန်အလှန်မိတ်ဆက်ပေးခဲ့ကြပါသည်။

အခမ်းအနား၌ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN က–

- ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံ အပြန်အလှန် ကူညီဆောင်ရွက်မှုများရှိပြီး မြန်မာနိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံအတွက် ကိုဗစ်–၁၉ ကာကွယ်ဆေး လှူဒါန်းပေးခဲ့မှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း။
- နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် အခွန်ကောက်ခံမှုများလျှော့ချနိုင်ရေး အမြန်ဆုံးသဘောတူညီမှု ရရှိလိုပါကြောင်း၊ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်၍လည်း စီမံချက်အသစ် ပြန်လည်ရေးဆွဲနိုင်ရေး ဆောင်ရွက်ရန်လိုပါကြောင်း။
- ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ ပုဂံဒေသနှင့် ဆီယံရိဒေသအကြား ခရီးသွားမိတ်ဖက်မြို့အဖြစ် သတ်မှတ်ဆောင်ရွက်မှုအား အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် ကိုဗစ် –၁၉ ရောဂါထိန်းချုပ်မှုများ ဆောင်ရွက်နိုင်သည့်အချိန်တွင် လေကြောင်းလိုင်းများအမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လိုကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က–

- ၂၀၂၂ ခုနှစ် နှစ်ဦးကာလတွင် အဆွေတော်၏ချစ်ကြည်ရေးခရီးလာရောက်မှုမှာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ခိုင်မာစေကြောင်း၊ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား မူဝါဒရေးရာပူးပေါင်းဆောင်ရွက်မှုများအတွက် နားလည်မှုသဘောတူညီချက် လက်မှတ်ရေးထိုးမှုကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အတွက် အခွင့်အခါသင့်ပါက နှစ်နိုင်ငံဝန်ကြီးဌာနများအကြား ဆွေးနွေးမှုများ ပြုလုပ်စေလိုကြောင်း။
- နှစ်နိုင်ငံကုန်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများတွင် အခွန်နှစ်ထပ် ကောက်ခံမှုလျှော့ချနိုင်ရေး သဘောတူလက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံခရီးသွားကဏ္ဍတိုးမြှင့်ရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ကိုဗစ်ရောဂါကူးစက်မှုကို အထိုက်အလျောက် ထိန်းချုပ်နိုင်သည့်အချိန်တွင် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကာ ကမ္ဘောဒီးယားနိုင်ငံနှင့် လေကြောင်းသွားလာမှုအား အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ရည်ရွယ်ထားပြီးဖြစ်ကြောင်း။
- သာသနာရေးနှင့် ယဉ်ကျေးမှုကဏ္ဍတွင် ကမ္ဘောဒီးယားဘုန်းတော်ကြီးနှင့် သီလရှင် ၂၄၉ ပါးကို ၁၉၉၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ မြန်မာနိုင်ငံရှိ ဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် ပညာသင်ကြားခွင့်ပေးအပ်နိုင်ခဲ့သည့်အတွက် မိမိအနေဖြင့် ကျေနပ်ဝမ်းမြောက်မိပါကြောင်း။
- ၂၀၁၇–၂၀၂၁ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် သဘောတူလက်မှတ်ရေးထိုးထားမှုကို သက်တမ်းတိုးမြှင့်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များတွင်လည်း ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။
- မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများအနေဖြင့် စည်းလုံးမှုရှိရန်လိုကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာနှင့် အာဆီယံမျက်နှာစာတို့တွင် မြန်မာနိုင်ငံဘက်မှ အပြုသဘောဆောင် ရပ်တည်ထောက်ခံပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း၊ မိမိအနေဖြင့် ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။
- မိမိတာဝန်ယူချိန်ကာလအတွင်း အကျဉ်းသား ၄၈,၀၀၀ ကျော်ကို ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ပြီးဖြစ်ပြီး သင့်လျော်သည့်အချိန်တွင်လည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ယခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားကြောင်း၊ အဆွေတော်၏ အထူးကိုယ်စားလှယ်မှ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်မည့်အပေါ် မိမိအနေဖြင့် ကြိုဆိုကြောင်း၊ ယနေ့ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲတွင် နှစ်နိုင်ငံနှင့် ဒေသတွင်းကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးနိုင်ခဲ့မှုအပေါ် ကျေနပ်မိပါကြောင်း ပြောကြားခဲ့ပါသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ တာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကမ္ဘောဒီယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကမ္ဘောဒီးယား

ဝန်ကြီးချုပ်နှင့်အတူ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ၊ ဝါရင့်ဝန်ကြီး၊ စက်မှု၊ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဝန်ကြီး၊ ဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် ကမ္ဘောဒီးယားနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကောင်စီ အထွေထွေအတွင်းရေးမှူး၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီးများ၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ ဒုတိယကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီယားနိုင်ငံ သံအမတ်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၈-၁-၂၀၂၂)**

- **အခမ်းအနားသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံအပြန်အလှန်ကူညီဆောင်ရွက်မှုများရှိပြီး မြန်မာနိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံအတွက် ကိုဗစ် -၁၉ ကာကွယ်ဆေး လှူဒါန်းပေးခဲ့မှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း။**
- **ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ ပုဂံဒေသနှင့် ဆီယံရိဒေသအကြား ခရီးသွားမိတ်ဖက်မြို့အဖြစ် သတ်မှတ်ဆောင်ရွက်မှုအား အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် ကိုဗစ် -၁၉ ရောဂါထိန်းချုပ်မှုများ ဆောင်ရွက်နိုင်သည့်အချိန်တွင် လေကြောင်းလိုင်းများအမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လိုကြောင်း ဆွေးနွေးပြောကြားခဲ့။**
- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နှစ်နိုင်ငံခရီးသွားကဏ္ဍတိုးမြှင့်ရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံနှင့် လေကြောင်းသွားလာမှုအား အမြန်ဆုံးဖွင့်လှစ် နိုင်ရေး ရည်ရွယ်ထားပြီးဖြစ်ကြောင်း။**
- **ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာနှင့် အာဆီယံမျက်နှာစာတို့တွင် မြန်မာနိုင်ငံဘက်မှ အပြုသဘောဆောင်ရပ်တည်ထောက်ခံပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း။**
- **မိမိတာဝန်ယူချိန်ကာလအတွင်း အကျဉ်းသား ၄၈,၀၀၀ ကျော်ကို ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ပြီးဖြစ်ပြီး သင့်လျော်သည့်အချိန်တွင်လည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့။**


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဇန်နဝါရီလ ၇ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။

ညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံနေမှု**





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်နေမှု**

လိုက်ပါကြသော ဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

ညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၈-၁-၂၀၂၂)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည့် မှတ်တမ်းဓာတ်ပုံများ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်အား ရင်းရင်းနှီးနှီး နှုတ်ဆက်နေမှု




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်နေမှု




ကြွရောက်လာကြသော ဧည့်သည်တော်များအား ညစာဖြင့် တည်ခင်းဧည့်ခံနေမှု

# ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံအတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကာကွယ်ရေးပစ္စည်းများအား ပေးအပ်လှူဒါန်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် အလုပ်သဘောခရီးစဉ်အဖြစ် ဇန်နဝါရီလ ၇ ရက်နံနက်ပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိရာ မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြပါသည်။

၎င်းနောက် ကမ္ဘောဒီးယားဝန်ကြီးချုပ်မှ မြန်မာနိုင်ငံအတွက် ပေးအပ်လှူ ဒါန်းသည့် Face Mask ၃ သန်း၊ N- 95 Mask ၂ သိန်း၊ Goggle တစ်သိန်း၊ PPE ဝတ်စုံ ၃ သောင်း၊ Face Shield ၃ သောင်း၊ Safety Plastic Boots PR ၃ ထောင်၊ Ventilator Machine Unit ၅၀၊ Patient Monitor + accessories Unit ၅၀၊ Oxygen Concentrator Unit ၅၀ တို့ကို လွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က လက်ခံရယူခဲ့ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၈-၁-၂၀၂၂)**

- **ကမ္ဘောဒီးယားနိုင်ငံမှ မြန်မာနိုင်ငံအတွက် Face Mask ၃ သန်း၊ N- 95 Mask ၂ သိန်း၊ Goggle တစ်သိန်း၊ PPE ဝတ်စုံ ၃ သောင်း၊ Face Shield ၃ သောင်း၊ Safety Plastic Boots PR ၃ ထောင်၊ Ventilator Machine Unit ၅၀၊ Patient Monitor + accessories Unit ၅၀၊ Oxygen Concentrator Unit ၅၀ တို့ကို ပေးအပ်လှူဒါန်းခဲ့။**




**ကမ္ဘောဒီးယားနိုင်ငံမှ လှူဒါန်းသော ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို နိုင်ငံခြားရေးဝန်ကြီးက လက်ခံနေမှု**

# ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN ၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ခရီးစဉ် ပူးတွဲသတင်းထုတ်ပြန်ချက်

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN အလုပ်သဘောခရီးစဉ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၏ နှစ်နိုင်ငံ ခေါင်းဆောင်များအကြား ဆွေးနွေးပြောကြားချက်များနှင့်ပတ်သက်၍ ပူးတွဲသတင်းထုတ်ပြန်ချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ပါသည်။

## ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်
## Samdech Akka Moha Sena Padei Techo HUN SEN ၏
## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ခရီးစဉ်
## ပူးတွဲသတင်းထုတ်ပြန်ချက်

### သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်မှ ၈ ရက်အထိ အလုပ်သဘော ခရီးစဉ် လာရောက်ခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN သည်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပခဲ့သည်။ အဆိုပါ

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံဆက်ဆံရေး၊ ဒေသတွင်းဆိုင်ရာအကျိုးတူကိစ္စရပ်များနှင့် အလေးပေးဆောင်ရွက်ရမည့် ကိစ္စရပ်များ အပေါ် ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နှစ်ဖက်ခေါင်းဆောင်များသည် သက်ဆိုင်ရာနိုင်ငံများ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြသည်။

မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်အား မြန်မာနိုင်ငံအစိုးရအနေဖြင့် တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့အစည်း(EAO)များနှင့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကုန်အထိ အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့ပြီး ဖြစ်ပြီး ၂၀၂၂ နှစ်ကုန်အထိ ထပ်မံတိုးမြှင့်သွားရန်လည်း အသိပေးခဲ့သည်။ ဆက်လက်၍ သက်ဆိုင်သူများအားလုံးအနေဖြင့် နိုင်ငံ နှင့်ပြည်သူများ၏အကျိုးစီးပွားကို ရှေးရှုလျက် အပစ်အခတ်ရပ်စဲမှုကိုလက်ခံရန်၊ အကြမ်းဖက်လုပ်ရပ်များအားလုံးကို အဆုံးသတ် ရန်နှင့် တတ်နိုင်သမျှ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ကြရန် တောင်းဆိုခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်ကလည်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိရန် သက်ဆိုင်သူများအကြား အပြုသဘောဆောင်သည့် ဆွေးနွေးမှုများပြုလုပ်ရေးနှင့် တင်းမာမှုများလျှော့ချရေးတို့ကို ရည်ရွယ်သည့် ယင်းတောင်းဆိုခဲ့မှုအပေါ် ခိုင်မာစွာ ထောက်ခံခဲ့ သည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေး ဆွေး နွေးပွဲများတွင် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ်၏ ပါဝင်မှုကိုကြိုဆိုခဲ့သည်။ အဆိုပါအရေးကြီးသည့် လုပ် ဆောင်ချက်သည် အာဆီယံ၏ တူညီဆန္ဒ (၅) ချက်တွင် ထည့်သွင်းဖော်ပြထားသော အချက်ဖြစ်သည်။

နှစ်ဖက်ခေါင်းဆောင်များသည် မြန်မာပြည်သူများအတွက် လူသားချင်းစာနာကူညီပံ့ပိုးမှုများပေးအပ်ရာတွင် အမှန် တကယ်လိုအပ်သူများထံသို့ ရောက်ရှိရန် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်၊ အာဆီယံအတွင်းရေးမှူးချုပ်၊ AHA စင်တာ မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံသို့ AHA စင်တာမှတစ်ဆင့် လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် သက်ဆိုင်ရာကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများကဲ့သို့ သော သက်ဆိုင်သူများအကြား အစည်းအဝေးတစ်ရပ်ကျင်းပရေးအတွက် အားပေးသွားမည်ဖြစ်သည်။ အမှန်တကယ် လိုအပ် လျက်ရှိသည့် ပြည်သူများထံသို့ လူသားချင်းစာနာမှုအကူအညီများ ခွဲခြားမှုမရှိဘဲပေးအပ်ရေးနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနိုင် ရေးအတွက် သင့်လျော်သည့်ယန္တရားများနှင့် အစီအစဉ်များ သတ်မှတ်ဆောင်ရွက်သွားရန် အရေးကြီးကြောင်းနှင့် လူ့အသက် ကယ်ဆယ်ရေးသည် အရေးကြီးဆုံးကိစ္စဖြစ်သဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် နှစ်ဖက်ခေါင်းဆောင်များက အသိအမှတ်ပြုခဲ့ ကြသည်။

ကမ္ဘောဒီးယားနိုင်ငံက ၂၀၂၂ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူမည့်အပေါ် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရတ်ဆော့ခွန်းအား အာ ဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်မည့်အပေါ် ကြိုဆိုကြောင်းနှင့် ၎င်းအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းန င့်အညီ အာဆီယံတူညီဆန္ဒ(၅)ချက်ကို အကောင်အထည်ဖော်နိုင်ရေးကို အပြည့်အဝပံ့ပိုးသွားမည်ဖြစ်ကြောင်း ဗိုလ်ချုပ်မှူး ကြီး မင်းအောင်လှိုင်က ပြောကြားခဲ့သည်။ ထို့ပြင် အာဆီယံတူညီဆန္ဒ(၅)ချက်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် အပြန်အလှန်အထောက်အကူပြုသင့်ကြောင်း အလေးအနက်ထားပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ထာဝရငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုး တက်ရေးနှင့် သာယာဝပြောရေးတို့ရရှိရန်အတွက် ကမ္ဘောဒီးယားနိုင်ငံ၏ နှစ်ဦးနှစ်ဖက်အကျိုးရှိသောမူဝါဒကို ရှင်းလင်းမျှဝေ ခဲ့သည်။ ကမ္ဘောဒီးယားဝန်ကြီးချုပ်က ကမ္ဘောဒီးယားနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ ရရှိခဲ့သော အတွေ့အကြုံများနှင့် သင် ခန်းစာများအပေါ်အခြေခံ၍ သက်ဆိုင်သည့်အဖွဲ့အစည်းများအားလုံး၏ ပူးပေါင်းပါဝင်မှုနှင့် သဘောတူညီမှုမပါရှိဘဲ အလုံးစုံငြိမ်း ချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်နိုင်မည်မဟုတ်ကြောင်း အလေးထားပြောကြားခဲ့သည်။ အလား တူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်လည်း အာဆီယံ အထူး ကိုယ်စားလှယ်၏ မြန်မာနိုင်ငံခရီးစဉ်ကို ပံ့ပိုးပေးရန်နှင့် လက်ရှိပြည်တွင်းအခြေအနေများကို ထည့်သွင်းစဉ်းစားလျက် သက် ဆိုင်သည့် အဖွဲ့အစည်းများအားလုံးနှင့် တွေ့ဆုံနိုင်ရေး ပြောကြားခဲ့သည်။

အထူးသဖြင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအကျပ်အတည်းဖြစ်ပေါ်နေသည့်ကာလတွင် နှစ်နိုင်ငံပြည်သူများအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်စေမည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် နှစ်ဖက်အမြင်ချင်း ဖလှယ်ခဲ့ကြသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာနိုင်ငံအစိုးရ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များ၌ အထောက်အကူပြုနိုင်ရန် နှာခေါင်းစည်း (၃,၂၀၀,၀၀၀) ခု၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ(၃၀,၀၀၀)စုံ၊ အသက်ရှူအထောက်အကူပြုစက်(၅၀)လုံး၊ လူနာစောင့်ကြည့်စက်(၅၀)လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ အောက်ဆီဂျင်စက်(၅၀)လုံးနှင့် အခြားသော ဆေးဘက်ဆိုင်ရာအထောက်အကူပစ္စည်းများ လှူဒါန်းခဲ့မှုအပေါ် ကမ္ဘောဒီးယားအစိုးရနှင့် ပြည်သူများအား လှိုက်လှဲစွာကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

နှစ်နိုင်ငံဆွေးနွေးပွဲအား အပြန်အလှန်နားလည်မှုနှင့် ရင်းနှီးပွင့်လင်းမှုတို့ကို အခြေခံ၍ ဆွေးနွေးကျင်းပခဲ့သည်။

**နေပြည်တော်၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်**

**(မြဝတီသတင်းစာ ၈-၁-၂၀၂၂)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်အား မြန်မာနိုင်ငံအစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAO) များနှင့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကုန်အထိ အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့ပြီးဖြစ်ပြီး ၂၀၂၂ နှစ်ကုန် အထိ ထပ်မံတိုးမြှင့်သွားရန်လည်း အသိပေးခဲ့။**
- **ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်ကလည်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိရန် သက်ဆိုင်သူများအကြား အပြုသဘောဆောင်သည့် ဆွေးနွေးမှုများပြုလုပ်ရေးနှင့် တင်းမာမှုများ လျှော့ချရေးတို့ကို ယင်းတောင်းဆိုခဲ့မှုအပေါ် ခိုင်မာစွာထောက်ခံခဲ့။**
- **ကမ္ဘောဒီးယားနိုင်ငံက ၂၀၂၂ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူမည့်အပေါ် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရတ်ဆော့ခွန်းအား အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်မည့်အပေါ် ကြိုဆိုကြောင်းနှင့် ၎င်းအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းနှင့်အညီ အာဆီယံတူညီဆန္ဒ(၅)ချက်ကို အကောင်အထည်ဖော်နိုင်ရေးကို အပြည့်အဝ ပံ့ပိုးသွားမည်ဖြစ်။**
- **အာဆီယံတူညီဆန္ဒ(၅)ချက်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် အပြန်အလှန် အထောက်အကူပြုသင့်ကြောင်း အလေးအနက်ထားပြောကြားခဲ့။**
- **ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ထာဝရငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့ ရရှိရန်အတွက် ကမ္ဘောဒီးယားနိုင်ငံ၏နှစ်ဦးနှစ်ဖက် အကျိုးရှိသော မူဝါဒကို ရှင်းလင်းမျှဝေခဲ့။**
- **ကမ္ဘောဒီးယားနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ ရရှိခဲ့သောအတွေ့အကြုံများနှင့် သင်ခန်းစာများအပေါ် အခြေခံ၍ သက်ဆိုင်သည့်အဖွဲ့အစည်းများအားလုံး၏ ပူးပေါင်းပါဝင်မှုနှင့် သဘောတူညီမှုမပါရှိဘဲ အလုံးစုံ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်နိုင်မည်မဟုတ်ကြောင်း အလေးထားပြောကြားခဲ့။**
- **ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များ၌ အထောက်အကူပြုနိုင်ရန် ဆေးဘက်ဆိုင်ရာ အထောက်အကူပစ္စည်းများလှူဒါန်းခဲ့မှုအပေါ် ကမ္ဘောဒီးယားအစိုးရနှင့် ပြည်သူများအား လှိုက်လှဲစွာ ကျေးဇူးတင်ကြောင်း ပြောကြားခဲ့။**

# ပြည်ပနိုင်ငံများမှ Relief Flight များဖြင့် ဝင်ရောက်လာသူများအနက် (၁၂) ဦးတွင် အိုမီခရွန်ရောဂါပိုး ထပ်မံတွေ့ရှိမှုနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်

ပြည်ပနိုင်ငံများမှ Relief Flight များဖြင့် ဝင်ရောက်လာသူများအနက် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသည့် မြန်မာနိုင်ငံသား(၁၁)ဦးနှင့် နိုင်ငံခြားသား (၁) ဦးတို့၏ ဓာတ်ခွဲနမူနာများတွင် SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုးတွေ့ရှိမှုအား ၇-၁-၂၀၂၂ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

**ပြည်ပနိုင်ငံများမှ Relief Flight များဖြင့် ဝင်ရောက်လာသူများအနက် (၁၂) ဦးတွင် အိုမီခရွန်ရောဂါပိုးထပ်မံတွေ့ရှိ၊ SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုး ထပ်မံတွေ့ရှိရမှုနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်**

**သတင်းထုတ်ပြန်ချက်**

**SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုးထပ်မံတွေ့ရှိမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်**

**(၇-၁-၂၀၂၂)ရက်နေ့**

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် "ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုးစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း"များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ ကယ်ဆယ်ရေးလေယာဉ် (Relief Flight)များဖြင့် ပြန်လည်ဝင်ရောက်လာသူများတွင် SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုးတွေ့ရှိခဲ့မှုအား ၂၈-၁၂-၂၀၂၁ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ခဲ့ပါသည်။

၂။ ထိုသို့ စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်လျက်ရှိရာ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာ၍ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများ၏ ဓာတ်ခွဲနမူနာများအနက် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း ရောဂါပိုးတွေ့ရှိနိုင်သည့် သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာ (၂၂)ခုအား ၇-၁-၂၀၂၂ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇစစ်ဆေးခြင်းကို အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀)တို့တွင် ဆောင်ရွက်ခဲ့ရာ SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုးကို ဓာတ်ခွဲနမူနာ(၁၂)ခုတွင် တွေ့ရှိရပါသည်။

၃။ အဆိုပါ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူ (၁၂) ဦးမှာ မြန်မာနိုင်ငံသား(၁၁)ဦးနှင့် နိုင်ငံခြားသား(၁)ဦးဖြစ်ပြီး Relief Flight များဖြင့် ဝင်ရောက်လာသူ ယူအေအီးနိုင်ငံမှ (၈) ဦး၊ မလေးရှားနိုင်ငံမှ (၃) ဦးနှင့် အိန္ဒိယနိုင်ငံမှ (၁) ဦးဖြစ်ပါသည်။

၄။ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူများအား သတ်မှတ်ဆေးရုံကြီးများတွင် သီးသန့်ထားရှိကာ ကုသစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိပြီး ၎င်းသူတို့နှင့် လေကြောင်းခရီးစဉ်တွင် အတူလိုက်ပါလာသည့် ခရီးသည်များအားလည်း အသွားအလာကန့်သတ်ခြင်း (Strict Quarantine)နှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများအား အထူးအားဖြည့်ဆောင်ရွက်လျက်ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုးစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများအား ပိုမိုအရှိန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**(မြဝတီသတင်းစာ ၈-၁-၂၀၂၂)**

- အိုမီခရွန်ရောဂါပိုးတွေ့ရှိသူ(၁၂)ဦးမှာ မြန်မာနိုင်ငံသား(၁၁)ဦးနှင့် နိုင်ငံခြားသား(၁)ဦးဖြစ်ပြီး Relief Flight များဖြင့် ဝင်ရောက်လာသူ ယူအေအီးနိုင်ငံမှ (၈) ဦး၊ မလေးရှားနိုင်ငံမှ (၃) ဦးနှင့် အိန္ဒိယနိုင်ငံမှ (၁) ဦးဖြစ်။
- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများအား ပိုမိုအရှိန်မြှင့်ဆောင်ရွက်လျက်ရှိ။

## မြန်မာနိုင်ငံမှ နှစ်စဉ် ဆန်ဖြူတန်ချိန် ၁၀၀,၀၀၀ နှင့် ပေါင်းဆန်တန်ချိန် ၅၀,၀၀၀ တို့ကို သီရိလင်္ကာနိုင်ငံသို့ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်အတွင်းတင်ပို့မည်



မြန်မာနိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ G to G အစီအစဉ်ဖြင့် ဆန်တင်ပို့ရောင်းချနိုင်ရေးအတွက် မြန်မာနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် သီရိလင်္ကာနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီးဌာနတို့အကြား နှစ်နိုင်ငံသဘောတူစာချုပ် (Bilateral Agreement) လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ဇန်နဝါရီလ ၇ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပခဲ့ပါသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက-

- နှစ်နိုင်ငံကုန်သွယ်မှု မြှင့်တင်နိုင်ရေးအတွက် အစိုးရများအကြား G to G စနစ်ဖြင့် လယ်ယာထွက်ကုန်ကဏ္ဍမှ ဆန်အပါအဝင် အခြားကုန်စည်များ တိုးမြှင့်ရောင်းချသွားနိုင်ရေး ကနဦးဆောင်ရွက်ချက်အဖြစ် ချုပ်ဆိုခြင်းဖြစ်ကြောင်း၊
- နှစ်နိုင်ငံအကြား အကျိုးအမြတ်ရှိနိုင်သည့် ခရီးသွားလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ဖိတ်ခေါ်ကြောင်း၊
- မိမိတို့အနေဖြင့် နှစ်နိုင်ငံအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရန် အမြဲကြိုဆိုလျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။

သီရိလင်္ကာနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီးက-

- မြန်မာနှင့် သီရိလင်္ကာနိုင်ငံတို့သည် ၁၉၄၉ ခုနှစ်မှစတင်၍ သံတမန်ဆက်ဆံမှု စတင်ခဲ့ကြောင်း၊
- မိမိတို့နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးအတွက် အဓိကအစားအစာဖြစ်သော ဆန်ကို ယခုလို G to G အစီအစဉ်ဖြင့် ရောင်းချပေးသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း၊
- ရှေ့ဆက်၍ မိမိတို့နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

မြန်မာ-သီရိလင်္ကာ ဆန်တင်ပို့ရောင်းချမှုဆိုင်ရာ နှစ်နိုင်ငံသဘောတူစာချုပ်အား နှစ်နိုင်ငံအကြား တာဝန်ရှိသူများက လက်မှတ်ရေးထိုးခဲ့ကြပြီး စာချုပ်အရ ဆန်ရောင်းဝယ်မှုကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် သီရိလင်္ကာနိုင်ငံ Sri

Lanka State Trading (General) Corporation တို့မှ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံဘက်မှ နှစ်စဉ်ဆန်ဖြူတန်ချိန် ၁၀၀,၀၀၀ နှင့် ပေါင်းဆန်တန်ချိန် ၅၀,၀၀၀ တို့ကို သီရိလင်္ကာနိုင်ငံသို့ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်အတွင်း တင်ပို့သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြန်မာ့အလင်းသတင်းစာ ၈-၁-၂၀၂၂)**

- **မြန်မာ-သီရိလင်္ကာ ဆန်တင်ပို့ရောင်းချမှုဆိုင်ရာ နှစ်နိုင်ငံသဘောတူစာချုပ်အား နှစ်နိုင်ငံအကြား တာဝန်ရှိသူများက လက်မှတ်ရေးထိုးခဲ့ကြပြီး မြန်မာနိုင်ငံဘက်မှ နှစ်စဉ်ဆန်ဖြူတန်ချိန် ၁၀၀,၀၀၀ နှင့် ပေါင်းဆန်တန်ချိန် ၅၀,၀၀၀ တို့ကို သီရိ လင်္ကာနိုင်ငံသို့ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်အတွင်း တင်ပို့သွားမည်ဖြစ်။**
- **နှစ်နိုင်ငံကုန်သွယ်မှုမြင့်တင်နိုင်ရေးအတွက် အစိုးရများအကြား G to G စနစ် ဖြင့် လယ်ယာထွက်ကုန်ကဏ္ဍမှ ဆန်အပါအဝင် အခြားကုန်စည်များ တိုးမြှင့်ရောင်းချသွားနိုင်ရေး ကနဦးဆောင်ရွက်ချက်အဖြစ် ချုပ်ဆိုခြင်းဖြစ်။**

## ကျောင်းသား၊ ကျောင်းသူများအေးချမ်းစွာပညာသင်ကြားနေမှုအား မလိုလားသူ ဆူပူအကြမ်းဖက်သူများက စာသင်ကျောင်းများ၌ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများလုပ်ဆောင်



**အကြမ်းဖက်သမားများမီးရှို့ဖျက်ဆီးခဲ့သည့် မြောင်းမြမြို့နယ်၊ ကံကုန်းကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း**

မြို့နယ်အချို့တွင် ကျောင်းသား၊ ကျောင်းသူများအေးချမ်းစွာ ပညာသင်ကြားနေမှုအား မလိုလားသော PDF အမည်ခံ အကြမ်းဖက်သူများက စာသင်ကျောင်းများ၌ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိရာ-


- ဇန်နဝါရီလ ၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ကံကုန်းကျေးရွာရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်းအား မလိုလားသူ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် အလျား ၄၅ ပေ၊ အနံ ၂၅ ပေ၊ အမြင့် ၁၂ ပေခန့်ရှိ ခနိမိုး၊ ထရံကာ၊ မူလတန်းကျောင်းဆောင်တစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့။
- ဇန်နဝါရီလ ၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်ရှိ MITT တက္ကသိုလ်၏ တောင်ဘက်ဝင်ပေါက်ရှေ့တွင် အကြမ်းဖက်သမားများက ပုလင်း ၇ လုံး၌ အစိုးရဆန့်ကျင်ရေးစာသားများကပ်၍ ထောင်ထားပြီး




ချမ်းမြသာစည်မြို့နယ်ရှိ MITT တက္ကသိုလ်ဝင်ပေါက်၌ မသင်္ကာဖွယ်ရာ ကတ်ထူပုံးတွေ့ရှိမှု



ရဲတပ်သား အောင်ဇော်ဦး (ဒဏ်ရာရ)



မဖြူဖြူထွေး (ဒဏ်ရာရ)



ရဲတပ်သား ထက်နိုင် (ဒဏ်ရာရ)



လက်လုပ်မိုင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် ကင်မွန်းချောင်းကျေးရွာရှိ စာသင်ကျောင်း

အဆိုပါပုလင်းများအလယ်၌ ကတ္တူပုံးတစ်လုံးအား ထားရှိသည်ကို တွေ့ရှိရသဖြင့် စစ်ဆေးမှုပြုလုပ်နေစဉ် အဆိုပါပုံးအတွင်းမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကာ ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အဦ ထိခိုက်ပျက်စီးမှုမရှိ။

- ဇန်နဝါရီလ ၆ ရက်တွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကင်မွန်းချောင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း ဝင်ပေါက်ရှိ လုံခြုံရေးဂိတ်အတွင်းရှိ မြေကြီးအတွင်းမှ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်း တစ်လုံး ပေါက်ကွဲခဲ့မှုကြောင့် အဆိုပါဂိတ်တဲအနီး၌ ပညာသင်ကြားနေသော ကလေးသူငယ်များအား လုံခြုံရေးဆောင်ရွက်ပေးနေသည့် လုံခြုံရေးတပ်ဖွဲ့ဝင် ၂ ဦးနှင့် ကလေးအား ကျောင်းလာရောက်ပို့ဆောင်သည့် အဆိုပါကျေးရွာနေ မဖြူဖြူထွေး(၂၇)နှစ်တို့တွင် မိုင်းစထိမှန်ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့ကြောင်းနှင့် အဆိုပါပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်နေရာအား စစ်ဆေးခဲ့ရာ မပေါက်ကွဲသေးသည့် လက်လုပ်မိုင်း

တစ်လုံးအား ထပ်မံတွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့။

- ဇန်နဝါရီလ ၆ ရက်တွင် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ တိုင်းမကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းအား အကြမ်းဖက်သမား ၂ ဦးက လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ လက်လုပ်မိုင်းတစ်လုံးမှာ ကျောင်းဝင်းအတွင်းရှိ မြို့ညွှန်ခန့်ကျောင်းဆောင်အနီး ကျရောက်ပေါက်ကွဲခဲ့ပြီး ကျောင်းဆောင်နှင့် အုတ်တံတိုင်းအနီးတွင် မပေါက်ကွဲသေးသည့် လက်လုပ်ရှေ့တိုက်မိုင်းတစ်လုံးအား ထပ်မံတွေ့ရှိရသဖြင့် ဖောက်ခွဲရှင်းလင်းခဲ့။
- ဇန်နဝါရီလ ၅ ရက်တွင် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ပန်းစွာကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းဝင်ပေါက်တံခါးအား အကြမ်းဖက်သမားများက လက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ရာ ကျောင်းဝင်တံခါးပျက်စီးခဲ့။

NUG လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များက အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်အရ အကြမ်းဖက်လုပ်ရပ်များကို အရှိန်အဟုန်မြင့်လုပ်ဆောင်လျက်ရှိရာ နိုင်ငံ့အနာဂါတ်ဖြစ်သော ကလေးသူငယ်များ၏ ပညာသင်ကြားမှုကို ဖျက်ဆီးရန်အတွက်လည်းကောင်း၊ အေးချမ်းစွာ နေထိုင်သော ဒေသခံပြည်သူများအား ထိတ်လန့်၍ ထိခိုက်ဒဏ်ရာရစေရန်အတွက်လည်းကောင်းစသည့် ရည်ရွယ်ချက်မျိုးစုံဖြင့် ဆင်ခြင်တုံတရားနည်းပါးစွာ အဖျက်အမှောင့်လုပ်ငန်းများအား လုပ်ဆောင်လျက်ရှိပါသည်။

အထက်ပါဖြစ်စဉ်များမှ စာသင်ကျောင်းများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်းနှင့် အခြားအကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၈-၁-၂၀၂၂)**


- **မြောင်းမြမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ မြိုင်မြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့ရှိ စာသင်ကျောင်းများအား အကြမ်းဖက်သူများက မိုင်းထောင်ဖောက်ခွဲခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများလုပ်ဆောင်ခဲ့ရာ လူထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အဆောက်အဦ အနည်းငယ်ထိခိုက်ပျက်စီးခဲ့။**

## ကယားပြည်နယ်၊ ဟွေပုံလောင်း-ကောက်ကောက်ဒေသရှိ အကြမ်းဖက်အဖွဲ့များ သာလွန်အင်အားဖြင့် အလစ်အငိုက်ရယူတိုက်ခိုက်ခဲ့သည့် ကျားပါးစပ်ကြီးစခန်းအား တပ်မတော်က အချိန်ပိုင်းအတွင်း ပြန်လည်တိုက်ခိုက်သိမ်းပိုက်

ကယားပြည်နယ်၊ ဟွေပုံလောင်း-ကောက်ကောက်ဒေသအတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်၏ ကျားပါးစပ်ကြီးစခန်းအား ဇန်နဝါရီလ ၇ ရက် နံနက်အစောပိုင်းတွင် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက သာလွန်အင်အားဖြင့် အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် စစ်နည်းဗျူဟာမြောက် ခေတ္တဆုတ်ခွာပေးခဲ့ပြီး မွန်းလွဲပိုင်းတွင် တပ်မတော်က ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

ဖြစ်စဉ်တွင် ကယားပြည်နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကျားပါးစပ်ကြီးစခန်းအား KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက သာလွန်အင်အားဖြင့် အလစ်အငိုက်ရယူကာ လက်နက်ကြီး၊ လက်နက်ငယ်များအသုံးပြုပြီး စတင်တိုက်ခိုက်လာခဲ့ပါသည်။ သို့ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်နည်းဗျူဟာအရ စခန်းမှ ခေတ္တဆုတ်ခွာခဲ့ပြီး ကြိုတင်စီမံထားသည့် လေကြောင်းပစ်ကူနှင့် လက်နက်ကြီးပစ်ကူများ အကူအညီရယူ၍ ဟန်ချက်ညီညီ တန်ပြန်တိုက်စစ်ဆင်ချေမှုန်းခဲ့ပါသည်။

ထို့အပြင် လေကြောင်းပို့ဆောင်မှုဖြင့်လည်း တပ်ကူများကို ဖြစ်စဉ်နေရာအနီးတစ်ဝိုက် အမြန်ဆုံးဖြည့်တင်းခြင်းများဆောင်ရွက်ခဲ့သဖြင့် မွန်းလွဲပိုင်းတွင် အဆိုပါစခန်းအား ပြန်လည်သိမ်းပိုက်ရရှိခဲ့ပြီး အကြမ်းဖက်အဖွဲ့များအနေဖြင့် သေဆုံး၊ ဒဏ်ရာရရှိမှုများစွာရရှိ၍ အရှေ့မြောက်ဘက်သို့ ဖရိုဖရဲဆုတ်ခွာသွားခဲ့ပါသည်။ တပ်မတော်အနေဖြင့်လည်း အရာရှိနှင့်စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်အဖွဲ့များ




**တိုက်ပွဲဖြစ်စဉ်ပြမြေပုံ**



**အကြမ်းဖက်အဖွဲ့များထံမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ**

ထံမှ အလောင်းနှင့် လက်နက်/ခဲယမ်းအချို့အပါအဝင် ဆက်စပ်ပစ္စည်းတို့အား သိမ်းဆည်းရရှိခဲ့ပါသည်။

တပ်မတော်အနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်အား ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်အထိ ထုတ်ပြန်ကြေညာချက်အပေါ် တိကျစွာ လိုက်နာဆောင်ရွက်သော်လည်း ယခုကဲ့သို့ မိမိတို့တပ်မတော် လှုပ်ရှားစစ်ကြောင်းများ၊ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးစခန်းများအား လာရောက်တိုက်ခိုက်ပါမူ ထိရောက်ပြင်းထန်စွာ မိမိကိုယ်မိမိ ခုခံကာကွယ်ပိုင်ခွင့်အသုံးပြုလျက် တုံ့ပြန်ရန် အခွင့်အရေးရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ROE (Rules of Engage-ment) စည်းမျဉ်းစည်းကမ်းနှင့်အညီ နယ်မြေဒေသလုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၈-၁-၂၀၂၂)**

- ကယားပြည်နယ်အတွင်း ကျားပါးစပ်ကြီးစခန်း၌ နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက သာလွန်အင်အားဖြင့် အလစ်အငိုက်ရယူကာ လက်နက်ကြီး၊ လက်နက်ငယ်များအသုံးပြုပြီး စတင်တိုက်ခိုက်ခဲ့။
- လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်နည်းဗျူဟာအရစခန်းမှ ခေတ္တဆုတ်ခွာခဲ့ပြီး ကြိုတင်စီမံထားသည့် လေကြောင်းပစ်ကူနှင့် လက်နက်ကြီးပစ်ကူများ အကူအညီရယူ၍ ဟန်ချက်ညီညီ တန်ပြန်တိုက်စစ်ဆင်ချေမှုန်းခဲ့ရာ အဆိုပါစခန်းအား ပြန်လည်သိမ်းပိုက်ရရှိခဲ့။
- အကြမ်းဖက်အဖွဲ့များထံမှ အလောင်းနှင့် လက်နက်/ခဲယမ်းအချို့အပါအဝင် ဆက်စပ်ပစ္စည်းတို့အား သိမ်းဆည်းရရှိခဲ့။
- ယခုကဲ့သို့ မိမိတို့တပ်မတော်လှုပ်ရှားစစ်ကြောင်းများ၊ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးစခန်းများအား လာရောက်တိုက်ခိုက်ပါမူ ထိရောက်ပြင်းထန်စွာ မိမိကိုယ်မိမိခုခံကာကွယ်ပိုင်ခွင့်အသုံးပြုလျက် တုံ့ပြန်ရန် အခွင့်အရေးရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ROE(Rules of Engagement)စည်းမျဉ်းစည်းကမ်းနှင့်အညီ နယ်မြေဒေသလုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိ။

## အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ထောက်ပံ့နေသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေများအတွင်း၌ သင်တန်းတက်ရောက်ခဲ့သူများနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သူများအား ပြစ်ဒဏ်အသီးသီးချမှတ်



တရားခံ ကျော်စည်သူ၊ ဝင်းလှိုင်ထွန်း၊ အောင်ချမ်းမြေ့နှင့် ဖွဲ့ဝေယံထွဋ်(သေဒဏ်)

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၌ အောင်ပိုင်သူ(ခ)မိုးညိုအပါအဝင် ၉ ဦးတို့သည် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လုပ်ဆောင်ခြင်း၊ အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်မှုများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း၌ သင်တန်းတက်ရောက်ခြင်း၊ အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေငြာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ငွေကြေးကောက်ခံထောက်ပံ့ခြင်းများကို လုပ်ဆောင်ခဲ့ခြင်းတို့ကြောင့် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်တွင် ၎င်းတို့ ၉ ဦးအား “ထောင်ဒဏ်တစ်သက်” အမိန့်ချမှတ်ခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်တွင် ဖွဲ့ဝေယံထွဋ်(ခ)အက်ဒီဇင် အပါအဝင် ၄ ဦးသည် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၅/၁)ရပ်ကွက်၊ ယုဇနလမ်း

## ထောင်ဒဏ်တစ်သက်ပြစ်ဒဏ် ချမှတ်ခံရသူများ



တရားခံ ဇင်မင်းထွန်း



တရားခံ မြတ်သူ



တရားခံ ကျော်သူအောင်



တရားခံ အိကေခိုင်



တရားခံ အောင်ပိုင်သူ



တရားခံ ထက်ဝေယံ



တရားခံ ရာဇာ



တရားခံ ဖြိုးအောင်



**တရားခံ ထက်လွင်ကို(အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂၀ နှစ်ပါ ထပ်မံကျခံရမည်)**

နေ ရာအိမ်မှူးတစ်ဦးအား သေနတ်ဖြင့် ပိုင်းဝန်းလုပ်ကြံသတ်ဖြတ်ခဲ့ခြင်းကြောင့် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီလ ၆ ရက်တွင် ၎င်းတို့ ၄ ဦးအား "သေဒဏ်"အမိန့်ချမှတ်ခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်တွင် မြောက်ဥက္ကလာပမြို့နယ်၌ စိုးနိုင်အပါအဝင် ၁၀ ဦးသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် အများပြည်သူလုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များအား နှောက်ယှက်တားဆီးခြင်း၊ ရာအိမ်မှူးတစ်ဦး၏ နေအိမ်အား လက်လုပ်ချိန်ကိုက်ဗုံး ၁ လုံးဖြင့် ဖောက်ခွဲရန်ကြိုးစားခဲ့ခြင်းတို့ကြောင့် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီလ ၆ ရက်တွင် ၎င်းတို့ ၁၀ ဦးအား "အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂၀ နှစ်"အမိန့်ချမှတ်ခဲ့ပါသည်။

PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်လုပ်ရပ်များကို ဆင်ခြင်တုံတရားကင်းမဲ့စွာ ဆောင်ရွက်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါအကြမ်းဖက်အဖွဲ့များနှင့် ၎င်းတို့ကိုထောက်ပံ့နေသူများအား ဖော်ထုတ်ဖမ်းဆီး၍ တရားဥပဒေအရ အရေးယူကာ ထိထိရောက်ရောက် ပြစ်ဒဏ်အသီးသီး ချမှတ်လျက်ရှိပါသည်။

စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါကစစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၈-၁-၂၀၂၂)**



တရားခံ ကျော်ဝေယံဟိန်း၊ မျိုးမင်းထွန်း၊ သန့်ဇော်ဦး၊ ကျော်မင်းဦး၊ စိုးနိုင်၊ ဖြိုးသက်ခိုင်နှင့် ဝင်းလွင်ဦး (အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂၀ နှစ်)

- အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ထောက်ပံ့နေသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေများ အတွင်း၌ သင်တန်းတက်ရောက်ခဲ့သူများနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သူ ၉ ဦးအား "ထောင်ဒဏ် တစ်သက်"အမိန့်ချ မှတ်ခဲ့။
- ရွှေပြည်သာမြို့နယ်၌ ရာအိမ်မှူးတစ်ဦးအား သေနတ်ဖြင့် ဝိုင်းဝန်းလုပ်ကြံသတ်ဖြတ်ခဲ့သူ ၄ ဦးအား "သေဒဏ်" အမိန့်ချမှတ်ခဲ့။
- ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များအား နှောက်ယှက်တားဆီးခြင်းနှင့် ရာအိမ်မှူးတစ်ဦး၏နေအိမ်အား လက်လုပ် ချိန်ကိုက်ဗုံး ၁ လုံးဖြင့် ဖောက်ခွဲခြင်းတို့ကို ကျူးလွန်ခဲ့သူ ၁၀ ဦးအား "အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂၀ နှစ်" အမိန့် ချမှတ်ခဲ့။
- စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါကစစ်ခုံရုံးဖွဲ့၍ စစ်ဆေး မှုများဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိ။